# အကဲဖြတ်ခြင်းများအတွက် မိဘလမ်းညွှန်

*၂၀၁၉-၂၀ ကျောင်းနှစ်*

## ပညာရေးတိုးတက်မှု၏ တိုင်းတာချက်များ (MAP)

အကဲဖြတ်စစ်ဆေးမှုများသည် ကျောင်းသားများ၊ မိဘများနှင့် ဆရာများကို ကျောင်းသားများ ၂၁ ရာစုအတွက် အတန်းအဆင့်စံချိန်စံညွှန်းများကို တတ်ကျွမ်းမှုရှိမရှိနှင့် ဘွဲ့ယူရန်လမ်းကြောင်းပေါ်ရှိမရှိ စသောတန်ဖိုးရှိသော အချက်အလက်များကိုပေးသည်။ ဤအကဲဖြတ်စစ်ဆေးမှု ရလဒ်များသည် သင့်ကလေး၏ပညာရေးတိုးတက်မှုကို သက်သေပြမှုရာတွင် အတိုင်းအတာတစ်ခုကို ပေးရန်ရည်ရွယ်သည်။

## ဤအကဲဖြတ်စစ်ဆေးမှုဟာဘာပါလဲ?

MAP သည် သချာ်၊ စာဖတ်ခြင်းနှင့် ဘာသာစကား အသုံးအနှုန်းအတွက် အွန်လိုင်းရှိ လိုက်လျောညီထွေဖြစ်သော အောင်မြင်မှုစစ်ဆေးခြင်းများ ဖြစ်သည်။ Colorado ပြည်နယ်မှ လိုအပ်ချက်အရ လမ်းကြောင်းကျောင်း တစ်ကျောင်းတွင် စာရင်းသွင်းထားသော ၆-၁၂ တန်းများရှိ ကျောင်းသားအားလုံးကို စစ်ဆေးခြင်းပြုလုပ်မည်။ ကျောင်းသားတစ်ယောက်စီ (သို့) အတန်းအဆင့်တစ်ခုလုံးသည် ထိုဘာသာရပ်များတွင် ကျေနပ်ဖွယ်ရှိသော တိုးတက်မှုကို လုပ်ဆောင်နိုင်ခြင်း ရှိမရှိကို သိရှိနိုင်ခြင်းကြောင့် အကဲဖြတ်စစ်ဆေးခြင်းများကို ရေရှည်တွင် ပုံမှန်အချိန်ပိုင်းများ၌ စီမံပြုလုပ်ပေးသောအခါ အရေးကြီးသော ညွှန်ကြားမှုဆိုင်ရာ အကျိုးကျေးဇူးများရှိသည်။

## ကျွန်ုပ်၏ကလေးကို ဘယ်တော့စစ်ဆေးပါမည်လဲ?

တစ်နှစ်စီတွင် စစ်ဆေးသော ဝင်းဒိုး ၃ ခုရှိသည် (ဆောင်းဦး၊ ဆောင်း၊ နှင့် နွေဦး) ဝင်းဒိုးတစ်ခုစီ အတွင်း၌ သင့်ကလေးကို MAP ဘာသာရပ်တစ်ခုစီ၌ တစ်ကြိမ်စစ်ဆေးလိမ့်မည်။ အကဲဖြတ် စစ်ဆေးခြင်းတစ်ခုသည် မိနစ် ၅၀ ခန့်ကြာရှည်သည်။ ထိုစစ်ဆေးသောဝင်းဒိုးများကို  ကျောင်းများ စစ်ဆေးသော အချိန်ဇယားများ သတ်မှတ်ရာတွင် ပြောင်းလွယ်ပြင်လွယ်ရန် ရည်ရွယ်ချက်ဖြင့် ကြာရှည်ပေးထားသည်။ ဝင်းဒိုးတစ်ခုအတွင်း သင့်ကလေးကို စစ်ဆေးမည့် ရက်အတိအကျကို သိရှိရန် ကျောင်းသို့ တိုက်ရိုက်ဆက်သွယ်ပါ။

**စစ်ဆေးသော ဝင်းဒိုး**

စစ်ဆေးသော ဝင်းဒိုးသည် အချိန်ကာလတစ်ခုဖြစ်ပြီး ယင်း၏ အချို့ရက်များတွင် သင့်ကျောင်းသားအား စစ်ဆေး၍ အချို့ရက်များတွင် ညွှန်ကြားချက်များကို ရရှိသည်။ ဝင်းဒိုးတစ်ခုလုံး အတွင်းတွင် ကျောင်းသားများကို မစစ်ဆေးပါ။ သင့်ကျောင်းသားအတွက် တိကျသော စစ်ဆေးသည့် ရက်များကို သိရှိရန် သင့်ကလေး၏ ဆရာထံ မေးမြန်းပါ။

| | |
|---|---|
| ဆောင်းဦး | ဩဂုတ် – နိုဝင်ဘာ |
| ဆောင်းရာသီ | ဒီဇင်ဘာ – ဖေဖော်ဝါရီ |
| နွေဦး | မတ် – ဇွန် |

## ကျွန်ုပ်၏ကလေး ဘာအမှတ်(များ)ရမှာလဲ?

အကဲဖြတ်စစ်ဆေးခြင်း ရလဒ်များသည် သင့်ကျောင်းသားသည် စံချိန်စံညွှန်းတစ်ခုစီ အတွင်း၌ အယူအဆနှင့် ကျွမ်းကျင်မှုများကို မည်မျှကောင်းစွာ သင်ယူနိုင်သည့် အရေးကြီးသော တိုင်းတာမှုများကို ပေးနိုင်သောကြောင့် သင့်ကလေးသည် သူ(သို့)သူမ၏ လက်ရှိအဆင့်တွင် အောင်မြင်နိုင်ပြီး တစ်နှစ်ပြီးတစ်နှစ် ပညာရေးအောင်မြင်မှုကို ဆက်လက်လုပ်ဆောင်နိုင်မည် ဖြစ်သည်။

MAP အကဲဖြတ်စစ်ဆေးခြင်းအတွက် သင့်ကလေးသည် သူ(သို့)သူမ သိသည့်အရာ၊ သင်ယူရန် အသင့်ရှိသည့်အရာနှင့် ရယူရန်ရည်မှန်းထားသည့်အရာ တို့ကို ဖေါ်ညွှန်းသည့် ဘာသာရပ် တစ်ခုစီအတွက် RIT အမှတ်တစ်ခုကို ရရှိလိမ့်မည်။ ဤအမှတ်ကို တစ်နှစ်လုံးကြီးထွားမှုကို ဆုံးဖြတ်ရန်နှင့် သင့်ကလေး၏ ကြီးထွားမှုကို သူ/သူမ၏ပညာသင် သက်တူရွယ်တူများ၏ ကြီးထွားမှုနှင့် သော်ရင်း ပြည်နယ်စံချိန်စံညွှန်းများနှင့် သော်ရင်း နိုင်ငံယှဉ်ရာတွင် အသုံးပြုသည်။ သင့်ကလေး၏ RIT အမှတ်နှင့်ပတ်သက်၍ တိကျသောအချက်အလက်များ သိလိုပါက သင့်ကလေး၏ ဆရာနှင့်ဆက်သွယ်ပါ။

## ဤအမှတ်များကိုဘယ်လိုအသုံးချရမလဲ?

MAP အကဲဖြတ်စစ်ဆေးခြင်း အမှတ်များကို သင့်ကလေး၏ လိုအပ်ချက်များအတိုင်း တိကျသော ညွှန်ကြားချက်ကို ပေးနိုင်ရန် သင့်ကလေး၏ ဆရာက အသုံးပြုသည်။ အမှတ်များကို ခရိုင်နှင့် ပြည်နယ်ကျောင်း နှစ်ခုစလုံး၏ စွမ်းဆောင်မှု မှတ်တမ်းများ၌ တာဝန်ခံမှုအတွက်လည်း အသုံးပြုသည်။

## ? ထပ်တိုးအချက်အလက်များ

ကျွန်ုပ်တို့သည် သင့်အား သင့်ကလေး၏ပညာရေးတွင် ပါဝင်ရန်တိုက်တွန်းသည်။ သင့်ကလေးကို အိမ်တွင်ကူညီရန် နှင့် စစ်ဆေးသည့် နေရာထိုင်ခင်းများ ရနိုင်မှုရန် နည်းလမ်းများအတွက် သင့်ကလေး၏ ဆရာကိုဆက်သွယ်ရန် ဝန်မလေးပါနှင့်

**နောက်ထပ် အချက်အလက်များ - အကဲဖြတ်စစ်ဆေးခြင်းများ**
ဝင်ရောက်ပါ -

- http://assessments.dpsk12.org

အကဲဖြတ်မှုများနှင့်ပတ်သက်၍ သင့်ထံတွင်မေးခွန်း (သို့) ပူပန်စရာများရှိပါက သင့်ကလေး၏ကျောင်းကို တိုက်ရိုက်ဆက်သွယ်ပါ (သို့) မိသားစု ရွေးကောက်တင်မြှောက်သူ ဝန်ဆောင်မှုများ(၇၂၀) ၄၂၃-၃၀၅၄ သို့ခေါ်ဆိုပါ။